National
Redress Scheme
For people who have experienced
institutional child sexual abuse

အချက်အလက်စာရွက်

# နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အတွက် လျှောက်ထားခြင်း

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) သည် ကလေး (အသက် ၁၈ နှစ်အောက်) အဖြစ်ဖြင့် အဖွဲ့အစည်းဆိုင်ရာ လိင်ပိုင်းပြုကျင့်ခံရသည့်သူများအတွက် ဖြစ်ပါသည်။

ဤအချက်အလက်စာစောင်တွင် နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို လျှောက်ထားခြင်းလုပ်ငန်းစဉ်၏ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြထားပါသည်။

## မည်သည့်အချိန်၌ လျှောက်ထားနိုင်သနည်း။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ပြီး ၁၀ နှစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ သင် ယခုမှ ၂၀၂၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အကြား မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

ပုံစံကို ကူဖြည့်စွက်ပေးရန် သင်ယုံကြည်စိတ်ချရသူတစ်ဦးဦးထံမှ အကူအညီ သို့မဟုတ် အခမဲ့ ပံ့ပိုးဝန်ဆောင်ဌာန (နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးဝန်ဆောင်မှုများ) ထံမှအကူအညီ သင် ရယူနိုင်သည်။

## အကူအညီ ရယူခြင်း

အခမဲ့၊ သတင်းအချက်အလက်လျှို့ဝှက်စွာလုပ်ပေးသည့် အထောက်အပံ့ဝန်ဆောင်မှုများကိုလည်း လျှောက်လွှာ မလျှောက်မီ၊ လျှောက်ထားစဉ်အတွင်းနှင့် လျှောက်ပြီးနောက် သင့်အား ကူညီထောက်ပံ့ပေးရန် ရရှိနိုင်ပါသည်။ အထောက်အပံ့ဝန်ဆောင်မှုကို ရှာဖွေရန် ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုဌာန (Translating and Interpreting Service (TIS National)) ကို ဖုန်း **131 450** ဖြင့်ခေါ်ပြီး National Redress Scheme ကို ဖုန်း **1800 737 377** ဖြင့်ဆက်သွယ်ပေးရန် သူတို့အား ပြောပါ။

အကယ်၍ သင်သည် National Redress Scheme ကိုပြောဆိုရန် သင့်ကိုယ်စား တစ်စုံတစ်ယောက်က လုပ်ပေးစေလိုလျှင် ၎င်းသူသည် အဆိုပြုခံရသူပုံစံ 'Redress Nominee form' ကိုဖြည့်စွက်ရန် လိုအပ်သည်။

## သင် မည်ကဲ့သို့လျှောက်ထားမည်နည်း။

သင်သည် စက္ကူလျှောက်လွှာပုံစံကို ဖြည့်စွက်နိုင်သည် သို့မဟုတ် အွန်လိုင်းဖြင့်လျှောက်ထားနိုင်သည်။

သင်သည် စက္ကူလျှောက်လွှာပုံစံကို အောက်ပါနည်းများဖြင့် ရရှိနိုင်သည်-

- www.nationalredress.gov.au မှဒေါင်းလုဒ် လုပ်၍ရယူခြင်း
- ဖုန်းနံပါတ် 1800 737 377 ကိုခေါ်၍ လျှောက်လွှာကို သင့်ထံသို့ ပေးပို့စေခိုင်းခြင်း သို့မဟုတ်
- လျှောက်လွှာပုံစံတစ်စောင်ကို အထောက်အပံ့ဝန်ဆောင်မှုမှ တောင်းခံခြင်း။

အကယ်၍ သင် စာရွက်ဖြင့်လျှောက်လွှာပုံစံကို အသုံးပြုပါက ဖြည့်စွက်ထားသည့် လျှောက်လွှာကို အောက်ပါလိပ်စာသို့ ပြန်ပို့ပေးပါ-

National Redress Scheme
Reply Paid 7750
Canberra BC ACT 2610
Australia

သင် စာပို့တံဆိပ်ခေါင်းကပ်ရန် မလိုပါ။

သင်သည် ကျွန်ုပ်၏အစိုးရ ဟုအမည်တွင်သော myGov မှတစ်ဆင့် အွန်လိုင်းလျှောက်ထားနိုင်သည်။ အကယ်၍ သင့်တွင် MyGov စာရင်းတစ်ခု မရှိသေးလျှင် သင့်အနေဖြင့် www.my.gov.au တွင် စာရင်းတစ်ခုကို ဖွင့်နိုင်ပါသည်။ ဖြည့်စွက်ထားသည့် လျှောက်လွှာကို ကျွန်ုပ်တို့ထံ မပေးပို့မီ မိတ္တူတစ်စောင်ကို သိမ်းထားပါ။

လျှောက်လွှာတွင် သင့်အား မည်သို့ပြုကျင့်ခဲ့ကြောင်းအပြင် ပြုကျင့်ခံရခြင်းကြောင့် သင့်ဘဝတွင် မည်သို့ဆိုးကျိုးသက်ရောက်ခဲ့ကြောင်း ရေးသားရန် သင်လိုအပ်ပါမည်။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်သို့ သင် အဆင်ပြေသလို လျှောက်နိုင်သည်၊ အဖွဲ့အစည်းများနှင့် သင် တိုက်ရိုက် ဆက်သွယ်ရန် မလိုပါ။

သင့် လျှောက်လွှာနှင့်တကွ ဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် အချက်အလက် အားလုံးကို ကာကွယ်ပေးထားသည်။ ဤအချက်အလက်များကို နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်၏ ရည်ရွယ်ချက်ကိစ္စများ အတွက်သာ အသုံးပြုပါမည်၊ ၎င်းတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အချို့အချက်အလက်များ ဝေမျှဖလှယ်ခြင်း ပါဝင်နိုင်သည်။

## သင့် လျှောက်လွှာကို စိစစ်ဆောင်ရွက်ခြင်း

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် အဖွဲ့က သင့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ လက်ခံရရှိကြောင်း အသိပေးရန် သင့်အား ဖုန်းခေါ်ပါလိမ့်မည်။ ထိုဖုန်းခေါ်ချိန်၌ ထပ်ဆင့် အချက်အလက်အပိုကို လိုအပ်လျှင်လည်း သင့်အား မေးမြန်းနိုင်သည်။

နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်ကို ဩစတြေးလျအစိုးရက ကြီးမှူးဆောင်ရွက်သော်လည်း သီးခြား လွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူက လျှောက်လွှာများကို စဉ်းစားသုံးသပ်သည်၊ ဆုံးဖြတ်ချက်များကို ချမှတ်ပေးပြီး ပြန်လည်သုံးသပ်မှုများကို သုံးသပ်ပေးသည်။

သီးခြား လွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူများမှာ နောက်ခံအမျိုးမျိုးမှ အတွေ့အကြုံရင့်ကျက်ပြီး လေးစားရသောလူများ ဖြစ်ကြပါသည်၊ လူမှုဖူလုံရေး၊ အမှုကိစ္စစီမံခန့်ခွဲရေးနှင့် ဥပဒေလောက အသိုင်းအဝိုင်းမှ လူများအပါအဝင် ဖြစ်ကြပါသည်။

ဤလူများမှာ အစိုးရ ဝန်ထမ်းများ မဟုတ်ကြပါ သို့မဟုတ် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ်တွင် ပါဝင်ကြသည့် အဖွဲ့အစည်းများအနက် တစ်ခုခုနှင့် အဆက်အသွယ်ရှိကြသည့်လူများ မဟုတ်ကြပါ။

သီးခြား လွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူသည် သင့် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် အဖွဲ့အစည်း (များ) မှရသော အချက်အလက်များ အားလုံးကို စဉ်းစားသုံးသပ်ပါသည်။

အကယ်၍ သီးခြား လွတ်လပ်သော ဆုံးဖြတ်ချက် ချမှတ်သူက ပြုကျင့်မှုများမှာ ဖြစ်ပွားခဲ့နိုင်ဖွယ်ရာရှိသည်ဟု ဆုံးဖြတ်လျှင် နစ်နာဆုံးရှုံးမှုပြန်ကုစားရေးအတွက် ကမ်းလှမ်းချက်ကို ချမှတ်ပေးပါလိမ့်မည်။

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ကမ်းလှမ်းချက်

သင့်လျှောက်လွှာကို စိစစ်ပြီးသည့်အခါ ဆုံးဖြတ်ချက်ကို ရှင်းပြသည့်စာတစ်စောင် သင် ရပါလိမ့်မည်။ ဆုံးဖြတ်ချက်ကို သင် မကျေနပ်လျှင် ပြန်လည်သုံးသပ်ပေးရန် သင် တောင်းဆိုနိုင်သည်။

သင့်လျှောက်လွှာ အောင်မြင်လျှင် သင့်အတွက် ရနိုင်သည့် ဆွေးနွေးအကြံပြုခြင်းနှင့် စိတ်ပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း စာတွင် ရေးသားထားပါမည်။ စာတွင် တာဝန်ရှိသည့် အဖွဲ့အစည်းမှ အကြောင်းကြားစာ (တောင်းပန်စာကဲ့သို့ ကိုယ်တိုင် တိုက်ရိုက် ပြန်ကြားစာ) ရရန်နည်းလမ်းအပြင် သင့်အား အလျော်ပေးမည့် ကျေအေးငွေ ပမာဏ ဖော်ပြထားသည့်နည်းလမ်းကို သင့်အား ကမ်းလှမ်းပါလိမ့်မည်။

သင့်အနေဖြင့် နစ်နာဆုံးရှုံးမှုပြန်ကုစားရေး လျော်ကြေးငွေကို တစ်လုံးတစ်ခဲတည်းဖြစ်စေ သို့မဟုတ် အရစ်ကျဖြစ်စေ ရယူရန် သင် ရွေးနိုင်သည်။ လျော်ကြေးငွေ လက်ခံရရှိခြင်းမှာ စင်တာလင့် ထောက်ပံ့ကြေးကဲ့သို့ သင်၏ ငွေကြေးအခြေအနေအပေါ် သက်ရောက်မှုရှိနိုင်သည်ကို သတိပြုပါ။

အဆိုပါစာတွင် ၎င်းကမ်းလှမ်းချက်ကို စဉ်းစားရန်နှင့် နောက်ထပ်ဘာလုပ်ရန် သင့်အား အထောက်အကူပေးမည့် ရရှိနိုင်သော အထောက်အပံ့ဝန်ဆောင်မှုများအကြောင်း အချက်အလက်များကို ဖော်ပြထားပါမည်။ အထောက်အပံ့ ဝန်ဆောင်မှုများတွင် သင် မည်ကဲ့သို့ခံစားနေရကြောင်းကို တစ်စုံတစ်ယောက်အား ပြောဆိုရန်လည်း ပါဝင်နိုင်ပါသည်။

## ပြန်လည်တည့်မတ်ပေးရေး ကမ်းလှမ်းချက်ကို မည်ကဲ့သို့ လက်ခံရမည် သို့မဟုတ် ငြင်းဆိုရမည်

National Redress Scheme ကမ်းလှမ်းချက်ကို လက်ခံရယူရန်အတွက် သင်သည် လက်ခံကြောင်း စာရွက်စာတမ်းကို လက်မှတ်ရေးထိုး၍ ခြောက်လအတွင်း ပြန်ပို့ပေးရမည်။ အကယ်၍ သင်သည် ကမ်းလှမ်းချက်ကို ခြောက်လအတွင်း လက်မခံလျှင် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ကြောင်း National Redress Scheme က ယူဆမည်ဖြစ်သည်။ ကမ်းလှမ်းချက်ကို လက်ခံရန်အတွက် ရက်ပေါင်း 30 ကျန်ရှိသေးသည့်အချိန်၌ သင့်ထံသို့ သတိပေးစာကို ပေးပို့ပါလိမ့်မည်။ အကယ်၍ သင် အချိန်ပိုမိုလိုအပ်လျှင် သင့်အနေဖြင့် ဤအချိန်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုနိုင်ပါသည်။

အကယ်၍ သင် ကမ်းလှမ်းချက်ကို လက်ခံရန် ဆုံးဖြတ်လျှင် ဆိုလိုသည်မှာ သင်သည်-

- တာဝန်ရှိသည့် အဖွဲ့အစည်းနှင့် မတရားပြုကျင့်မှုတွင်ပါဝင်ပတ်သက်နေသည့်လူများ (မတရားပြုကျင့်သူကို အမည်မဖော်ပြထားသော်လည်း) အပေါ် နောက်ထပ် တရားမဆိုင်ရာ တရားစွဲဆိုမှု လုပ်နိုင်မည် မဟုတ်ပါ၊
- အဆိုပါ မတရားပြုကျင့်မှုအတွက် အဆိုပါ အဖွဲ့အစည်းထံမှ အနာဂတ်တွင် အခြား လျော်ကြေး အမျိုးအစား တစ်ခုခုကို ရထိုက်မည် မဟုတ်ပါ။

လက်ခံကြောင်း စာရွက်စာတမ်းကို လက်မှတ် မရေးထိုးမီ National Redress Scheme ၏ အခမဲ့ဖြစ်ပြီး သတင်းလျှို့ဝှက်စွာ လုပ်ပေးသည့် ဥပဒေအကြံဉာဏ်ကို သင် ရယူရန် အကြံပြုပါသည်။

ကမ်းလှမ်းချက်ကို ငြင်းဆိုရန်အတွက် သင်သည် ကမ်းလှမ်းချက်ကို ငြင်းဆိုကြောင်း ရေးသားထားသည့် စာရွက်စာတမ်းကို လက်မှတ်ရေးထိုးပြီး ပြန်ပို့ပေးရန် လိုအပ်ပါသည်။ ကမ်းလှမ်းချက်ကို ငြင်းဆိုသည့်အခါ သင်သည် အဆိုပါ မတရားပြုကျင့်မှုနှင့် ပတ်သက်၍ National Redress Scheme အရ နောက်ထပ် မည်သည့်လျှောက်လွှာကိုမျှ တင်သွင်းနိုင်မည် မဟုတ်ပါ။ သင်သည် အဖွဲ့အစည်းနှင့်ပတ်သက်၍ ရာဇဝတ်ဆိုင်ရာ အရေးယူမှု (ရဲထံတိုင်ကြားခြင်း) ကိုလုပ်နိုင်ပါသေးသည်။

## ပိုမိုသော အချက်အလက်များ အတွက်

National Redress Scheme အကြောင်း ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **www.nationalredress.gov.au** တွင်ကြည့်ရှုပါ သို့မဟုတ် National Redress Scheme ကို ဖုန်း **1800 737 377** ဖြင့်ခေါ်ပါ။

အကယ်၍ သင် စကားပြန်တစ်ဦးကို အလိုရှိလျှင် ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုဌာန (**TIS National**) ကိုဖုန်း **131 450** ဖြင့်ခေါ်ပြီး National Redress Scheme ကိုဖုန်း 1800 737 377 ဖြင့်ဆက်သွယ်ပေးရန် သူတို့အား ပြောပါ။